# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 14 , 2024 | Volume 76, Number 10

၁၄.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၁၆၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၆၇၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၈.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၆.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၉၀.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၀.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၀၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၄၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၅၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၁၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၉၀၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ကမ္ဘာ့ပဲဈေးကွက်တွင် မြန်မာ့ပဲတင်ပို့မှု ဝေစု ၁၂ ရာခိုင်နှုန်းရထား






လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာ့လယ်ယာထွက်ကုန်များကို ဂျပန်နိုင်ငံသို့ တိုးမြှင့်တင်ပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပဲမျိုးစုံတန်ချိန် တစ်သန်းခန့် တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိခဲ့ကာ ဂျပန်နိုင်ငံသို့ ပဲတန်ချိန် ၁၉၀၀၀၀ ကျော်တင်ပို့ထားကြောင်း သိရသည်။


အခြားနိုင်ငံများနှင့်ယှဉ်ပါက မြန်မာ့ပဲသည် ဈေးသက်သာသည့်အတွက် ဂျပန်နိုင်ငံမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းအတိုင်း လာမည့်ဘဏ္ဍာနှစ်တွင် ပိုမိုတင်ပို့မည်ဖြစ်ကြောင်းသိရသည်။

တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် မြန်မာနိုင်ငံသည် ပဲတင်ပို့ခွင့် ဝေစု ၁၂ ရာခိုင်နှုန်းရရှိထားပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ လာမည့်ဘဏ္ဍာနှစ်တွင် ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့ရာတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၈ ဘီလီယံကျော်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်။

**Source:** https://www.popularmyanmar.com/?p=151871

## ပြည်ပဝယ်လိုအား ကောင်းနေခြင်းကြောင့် ပြည်တွင်းကြက်သွန် ဈေးကွက်မြင့်တက်နေ



ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ကြက်သွန်အဝယ်လိုက်နေခြင်းကြောင့် ပြည်တွင်းကြက်သွန်ဈေးကွက်သည် ဈေးမြင့်တက်နေကြောင်း ကြက်သွန်ကုန်သည်များ၏ ပြောပြချက်အရ သိရသည်။

"ဘင်္ဂလားဒေ့ရှ်ဘက်က အဝယ်တော်တော်လိုက်နေတာ။ သူတို့ရဲ့ ဥပုသ်ကာလရောက်ပြီဆိုတော့ လာဆင်းဝယ်ကြတာများတယ်။ ထိုင်းကို ပို့တော့ပို့တယ်။ သိပ်အများကြီးမဟုတ်ဘူး။ တောင်သူတွေလည်း ဈေးကောင်းရနေတာပေါ့" ဟု ရွှေပြည့်အောင်ပွဲရုံပိုင်ရှင်က ပြောသည်။

လက်ရှိဈေးကွက်အတွင်း ကြက်သွန်နီတစ်ပိဿာလျှင် ၄၃၀၀ ကျပ်ကျော်အထိ မြင့်တက်နေခြင်းဖြစ်သည်။

လက်ရှိတွင် မြန်မာကြက်သွန်ကို ဖိလစ်ပိုင်၊ ဗီယက်နမ်၊ လာအို၊ မလေးရှား၊ တရုတ်၊ ထိုင်းနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က ဝယ်ယူနေပြီး ကိုဗစ်မတိုင်ခင် တစ်နှစ်လျှင် ပျမ်းမျှ ကြက်သွန်နီ တန်ချိန် (၈) သောင်းမှ (၁) သိန်းကျော်ထိ ပြည်ပတင်ပို့မှု ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကြက်သွန်နီ ဧက ၁ ဒသမ ၇ သိန်းကျော်စိုက်ပျိုးပြီး နှစ်စဉ်တန်ချိန် တစ်သန်းကျော်ထွက်ရှိကာ ပြည်ပတင်ပို့မှုအနေဖြင့် တစ်နှစ်လျှင် တန်ချိန် တစ်သိန်းဝန်းကျင်သာရှိကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=151859

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ငါးခူပိဿာချိန် ၇၄,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ငါးခူပိဿာချိန် ၇၄,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြ၍ သိရသည်။ ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလက ငါးခူပိဿာချိန် ၅၂,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၉ ရက်နေ့ထိ ငါးခူပိဿာချိန် ၇၄,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ငါးခူများ တင်ပို့ရောင်းချမှုကောင်းလာသည့်အတွက် ရေလုပ်ငန်းလုပ်ကိုင်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလက ငါးခူပိဿာချိန် ၇၀,၀၀၀ ကျော် တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ ဝယ်ယူမှုအပေါ်မူတည်ပြီး တင်ပို့ရောင်းချနေပါတယ်။ လက်ရှိအချိန်က ဒေသမှာငါးခူတွေ ထွက်ရှိနေတဲ့အချိန်ပေါ့။ ငါးခူက ပြည်တွင်းမှာကို စားသုံးမှုများတဲ့ငါးဖြစ်ပါတယ်။ အရောင်းအဝယ်ကောင်းခဲ့ပေမဲ့ ဈေးကတော့ ပုံမှန်အခြေအနေမှာပဲရှိနေပါတယ်။ ကျိုက်လတ်မြို့နယ်က ရေထွက်ကုန်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကိုတင်ပို့တာပါ" ဟု ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်ကပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ငါးခူ ၁၀ ပိဿာလျှင် ငွေကျပ် ၁,၂၅,၀၀၀ မှ ၁,၃၀,၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ငါးခူများကို စနစ်တကျထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ငါးခူများ ဝယ်ယူမှုကောင်းလာသည့်အတွက် ငါးခူမွေးမြူသူများ၊ ကုန်သည်များ၊ ရေလုပ်သားများ၊ အလုပ်အကိုင် အခွင့်အလမ်းများ

ရရှိလာကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## ကျောက်ဆည်ခရိုင်တွင် ဖူးစားပြောင်းများ ရိတ်သိမ်း



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဖူးစားပြောင်းများကိုလည်း တောင်သူများ ဝင်ငွေတိုးပွားစေရန်အတွက် စီးပွားဖြစ် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်မြို့နယ်၌ ၂၀၃၃ ဧက၊ စဥ့်ကိုင်မြို့နယ်၌ ၃၇၄ ဧက၊ မြစ်သားမြို့နယ်၌ ၂၈၄၆ ဧက စုစုပေါင်း ၅၂၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိအချိန်တွင် စဥ့်ကိုင်မြို့နယ်၌ ၃၇၄ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဖူးစားပြောင်း စိုက်ပျိုးရာတွင် သကြားပြောင်းနှင့်ထောပတ်ပြောင်းများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ၂ ၆၀,၀၀၀ ကျပ်ခန့်ကုန်ကျကြောင်း၊ တစ်ဧကအထွက်နှုန်းအနေဖြင့် ပြောင်းဖူး ၄၀၀၀ ဖူးခန့်ထွက်ရှိပြီး သကြားပြောင်းဖူးသည် လူကြိုက်များသောကြောင့် အရောင်းသွက်ပြီး ဈေးကောင်းရကြောင်း၊ ဈေးနှုန်းအနေဖြင့် ပြောင်းဖူးအရွယ်အစားအပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိ၍ ယခင်နှစ် ပြောင်းဖူးပေါ်ချိန်တွင် ဖောက်သည်ဈေး (လက်ကားဈေး) အနေဖြင့် အခင်းသို့လာရောက်ဝယ်ယူမှုများရှိရာ ပြောင်းဖူးတစ်ဖူးလျှင် ၁၅၀ ကျပ်ဖြင့် ရောင်းချခဲ့ရပြီး လက်လီဈေးနှုန်းအနေဖြင့် သကြားပြောင်းဖူး အရွယ်အစားပေါ်မူတည်၍ ၄ ဖူးလျှင် ၁၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ ၃ ဖူးလျှင် ၁၀၀၀ ကျပ်ဖြင့်လည်းကောင်းရောင်းချရကြောင်း၊ ယခုနှစ် ပြောင်းဖူးပေါ်ချိန်တွင် ဖောက်သည်ဈေး (လက်ကားဈေး) အနေဖြင့် ပြောင်းဖူးတစ်ဖူးလျှင် ၂၅၀-၃၀၀ ကျပ်ဖြင့် ရောင်းချရပြီး ပြောင်းဖူးပြုတ် တစ်ဖူးလျှင် ၇၀၀-၈၀၀ ကျပ်အထိ ရောင်းချရသည့်အတွက် ယခင်နှစ်ထက် ပြောင်းဖူးဈေးနှုန်း ပိုမိုကောင်းမွန်သဖြင့် တောင်သူများ အကျိုးအမြတ် ပိုမိုရရှိကြောင်း ပြောင်းစိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**DOCA (မန္တလေး)**

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%80%E1%80%

## ဆောင်းသီးနှံကုလားပဲများ လှိုင်လှိုင်ထွက်ပေါ်၍ ဈေးကောင်းရလျက်ရှိ

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ပန်းတော်ပြင်ကျေးရွာအုပ်စု၊ ဥယျာဉ်ကျေးရွာတွင် နှမ်း၊ စားတော်ပဲ၊ ကုလားပဲ၊ ပဲကြီး၊ မြေပဲ၊ ပဲစင်းငုံ၊ နေကြာ၊ ပြောင်း၊ ဝါ၊ ကြက်သွန်နီနှင့် အခြားသီးပင်စားပင်များ စိုက်ပျိုးထွက်ရှိပြီး အထက်မင်းလှမြို့နယ်၌ ဆောင်းသီးနှံကုလားပဲကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ဆောင်းသီးနှံကုလားပဲ စိုက်ပျိုးရာတွင် ရေဆင်း-၆ မျိုးကို အများဆုံး စိုက်ပျိုးကြပြီး ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၁,၅၀,၀၀၀ ခန့်ကုန်ကျကြောင်း၊ ဆောင်းသီးနှံ ကုလားပဲကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ဒုတိယပတ်တွင် စတင်စိုက်ပျိုးပြီး ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ တတိယပတ်တွင် စတင်ရိတ်သိမ်းလျက်ရှိရာ မတ်လ စတုတ္ထပတ်တွင် အပြီးရိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ အထွက်နှုန်းအနေဖြင့် အပင်အထွက်ညီသော ကုလားပဲစိုက်ဧက တစ်ဧကလျှင် ၂၅ တင်း မှ ၃၆ တင်း အထိထွက်ရှိကြောင်း၊ အပင်အထွက်မညီလျှင် တင်း ၂၀ သာ ထွက်ရှိကြောင်းသိရသည်။ ဈေးနှုန်းဈေးကွက်အနေဖြင့် ယခင်နှစ်ကုလားပဲတစ်တင်းလျှင် အမြင့်ဆုံးဈေးနှုန်း ကျပ် ၆၀,၀၀၀ ရရှိခဲ့ပြီး ယခုနှစ်တွင် ကုလားပဲတစ်တင်းလျှင် ဖေဖော်ဝါရီလ တတိယပတ်တွင် ကျပ် ၉၅,၀၀၀ ဖြင့် လည်းကောင်း၊ မတ်လ ပထမပတ်တွင် ကျပ် ၈၀,၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ကုလားပဲများကို အထက်မင်းလှမြို့ရှိ ပွဲရုံများသို့ရောင်းချကြကြောင်း၊ ယခုနှစ်တွင် ကုလားပဲဈေးနှုန်း ပိုမိုကောင်းမွန်သောကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိကာ အဆင်ပြေလျက်ရှိကြောင်း ကုလားပဲစိုက်တောင်သူတစ်ဦးထံမှ သိရှိရသည်။

**Source: DOCA(မကွေး)**

**Source: https://commerce.gov.mm**

## ဆိပ်ဖြူမြို့နယ်၌ ကန်စွန်းဥစိုက်ပျိုးခြင်းဖြင့် တောင်သူများအကျိုးအမြတ်ရရှိ





မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ် အတွင်းရှိ ကိုးထောင့်၊ ရေလယ်ကျွန်း၊ သံဇလုံ၊ တောင်ငယ်လုံး၊ ရေလယ်တောင်၊ကျစ်ပြင်၊ ချင်တောင်၊ အောက်ဆိပ်၊ ဓီးကပ်ကျေးရွာများတွင် ရာသီအလိုက် သီးနှံမျိုးစုံနှစ်စဉ် စိုက်ပျိုးလျက်ရှိရာ ကုန်စိမ်းသီးနှံရာသီစာ ကန်စွန်းဥ စိုက်ခင်းများကိုလည်း ကိုင်းကျွန်း၊ သဲ၊ နုံးမြေများတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ ကန်စွန်းဥ စိုက်ခင်းများကို စီးပွားဖြစ်အမြောက်အမြား နှစ်စဉ်စိုက်ပျိုးကြသည်။ ယခင်နှစ်က စိုက်ဧက ၂၀၀၀ ခန့်စိုက်ပျိုးခဲ့ပြီး ကန်စွန်းဥအထွက်နှုန်းနှင့် ဈေးကွက်ကောင်းမွန်သောကြောင့် ယခုနှစ်တွင် စိုက်ဧက ၂၅၀၀ ခန့်အထိ တိုးချဲ့စိုက်ပျိုးထားကြောင်းသိရသည်။

ကန်စွန်းဥစိုက်ပျိုးရာတွင် ရွှေဝါမျိုးနှင့် ငချိတ်မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးအနေဖြင့် ကန်စွန်းညွန့် သုံးသောင်းခွဲခန့် စိုက်ပျိုးရကြောင်း၊ ဥစားကန်စွန်းညွန့်များကို မြစ်ရေကျချိန် အောက်တိုဘာလကုန်မှ နိုဝင်ဘာလအတွင်း စတင်စိုက်ပျိုးပြီး နောက်သုံးလအကြာ ဖေဖော်ဝါရီလမှ မတ်လအတွင်း တူးဖော်ရကြောင်း၊ ကန်စွန်းဥများ အချိုလေး၍ အရသာကောင်းမွန်စေရန် ရေသွင်းစိုက်ပျိုးခြင်းမပြုဘဲ မြေအောက်ရေဖြင့်သာ စိုက်ပျိုးကြောင်းသိရသည်။

စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၉၀၀,၀၀၀ ခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ပိဿာချိန် ၃၀၀၀- ၃၅၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် သီးနှံပေါ်စအချိန်တွင် ဒေသပေါက်ဈေးမှာ ကန်စွန်းဥအကြီးအသေးနှင့် အရည်အသွေးအပေါ်မူတည်၍ လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၈၀၀-၁၅၀၀ ဖြင့်ရောင်းချရကြောင်း၊ တစ်ပိဿာလျှင် ၁,၂၀၀ ကျပ်ဖြင့် တွက်ချက်ပါက ဝင်ငွေအနေဖြင့် ၃,၆၀၀,၀၀၀ ကျပ်ခန့်ရရှိပြီး ၂၇,၀၀,၀၀၀ ကျပ်ခန့် အကျိုးအမြတ်ရရှိကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

Source: DOCA (မကွေး)

Source: https://commerce.gov.mm

## အိန္ဒိယသည် ဘရာဇီးနိုင်ငံမှ မတ်ပဲကို စတင်တင်သွင်း

အိန္ဒိယနိုင်ငံသည် နိုင်ငံအနည်းငယ်ထံမှ ပဲတင်သွင်းမှုအပေါ် မှီခိုနေရမှုအား လျှော့ချနိုင်ရန်နှင့် ပြည်တွင်းထွက်ရှိမှု ကျဆင်းမှုကို ဖြည့်ဆည်းရန်အတွက် ဘရာဇီးမှ မတ်ပဲများကို ပထမဆုံးအကြိမ်အဖြစ် စတင်တင်သွင်းခဲ့ကြောင်း သိရသည်။

တောင်အမေရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘရာဇီးမှ မတ်ပဲတန်ချိန် ၃၀၀၀ ခန့် ပထမဆုံးတင်ပို့မှုရောက်ရှိလာကြောင်း၊ မတ်ပဲနှင့်ပဲစင်းငုံတင်သွင်းမှုအတွက် နိုင်ငံတစ်ခုတည်းအပေါ် မှီခိုနေရမှုအား လျှော့ချနိုင်ရန်အတွက် ဘရာဇီး၊ အာဂျင်တီးနား နိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ယခုနှစ်အတွင်း ဘရာဇီးမှအိန္ဒိယသို့ မတ်ပဲတန်ချိန် ၂၀,၀၀၀ ခန့် တင်သွင်းဖွယ် ရှိသည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားထားကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် မတ်ပဲနှင့်ပဲစင်းငုံများတင်သွင်းနိုင်ရန် ဘရာဇီး၊ အာဂျင်တီးနားနိုင်ငံတို့နှင့် ဆက်တိုက် ဆွေးနွေးလျက်ရှိကြောင်း၊ လက်ရှိတွင် အိန္ဒိယသည် မတ်ပဲကို မြန်မာနိုင်ငံနှင့် နားလည်မှု စာချွန်လွှာ(MoU)လက်မှတ်ရေးထိုး၍ တင်သွင်းလျက်ရှိကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းလုံခြုံရေးဆိုင်ရာ အခြေအနေများကြောင့် တင်သွင်းမှုဆိုင်ရာ အခက်အခဲတချို့ရှိနေကြောင်း ဖော်ပြထားသည်။

ဘရာဇီးနှင့်အာဂျင်တီးနားတို့တွင် ပဲမျိုးစုံပြည်တွင်းစားသုံးမှုမှာ နည်းပါးသော်လည်း ရာသီဥတုအခြေအနေ ကိုက်ညီမှု ကြောင့် မတ်ပဲနှင့်ပဲစင်းငုံတို့ကို စိုက်ပျိုးနိုင်သည့်အတွက် အိန္ဒိယနိုင်ငံသို့ တင်ပို့ရန်ရည်ရွယ်၍ စိုက်ပျိုးနိုင်ဖွယ်ရှိကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ပဲမျိုးစုံ တန်ချိန် ၂ ဒသမ ၉၈ သန်း တင်သွင်းခဲ့ရာ ပဲနီလေးတန်ချိန် ၁ ဒသမ ၅၁ သန်း၊ ပဲစင်းငုံတန်ချိန် ၀ ဒသမ ၇၇ သန်း၊ မတ်ပဲတန်ချိန် ၀ ဒသမ ၅၉ သန်းတို့ကို ဩစတြေးလျ၊ ကနေဒါ၊ မြန်မာ၊ မိုဇမ်ဘစ်၊ တန်ဇန်နီးယား၊ ဆူဒန်နှင့် မာလာဝီနိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အစိုးရက အဓိကပဲသုံးမျိုးဖြစ်သည့် ပဲစင်းငုံ၊ မတ်ပဲနှင့်ပဲနီလေးတို့ကို သွင်းကုန်အခွန်မဲ့စနစ်ဖြင့် ၂၀၂၅ ခုနှစ် မတ်လအထိ တင်သွင်းခြင်းဆိုင်ရာ မူဝါဒတစ်ရပ်ကို ချမှတ်ထားသဖြင့် တင်ပို့သည့်နိုင်ငံများရှိ တောင်သူများအနေဖြင့် ပဲမျိုးစုံကို ကြိုတင် စဉ်းစား စိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် အိန္ဒိယနိုင်ငံသည် ပဲမျိုးစုံတန်ချိန် ၂၈ သန်းခန့် ထုတ်လုပ်နေပြီး ပြည်တွင်း စားသုံးမှုအတွက် ဖူလုံမှုရှိပါကြောင်း၊ သို့ရာတွင် ပဲအမျိုးအစားအလိုက် ထုတ်လုပ်မှုနှင့်စားသုံးမှုအရ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေးအမျိုးအစားများမှာ ဈေးကွက်အတွက် တင်သွင်းရန်လိုအပ်လျက်ရှိနေကြောင်း သတင်းရင်းမြစ်များကဆိုသည်။

ပဲစင်းငုံလက်လီဈေးသည် တစ်ကီလိုလျှင် ရူပီး ၂၀၀ အထိမြင့်တက်ခဲ့သည့် ၂၀၁၆ ခုနှစ်တွင် နှစ်စဉ်တန်ချိန် ၂ သိန်း တင်သွင်းရန်အတွက် မိုဇမ်ဘစ်နှင့် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ယင်းနားလည်မှုစာချွန်လွှာကို နောက်ထပ်ငါးနှစ် သက်တမ်းတိုးခဲ့သည်။

၂၀၂၁ ခုနှစ်တွင် အိန္ဒိယသည် မာလာဝီနိုင်ငံနှင့် နှစ်စဉ်ပဲစင်းငုံတန်ချိန် ၅ သောင်းဖြင့် ငါးနှစ်တင်သွင်းရန် နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။ ထို့အတူ အိန္ဒိယသည် မြန်မာနိုင်ငံနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားပြီး ပဲစင်းငုံတန်ချိန် ၁ သိန်းနှင့် မတ်ပဲ ၂ ဒသမ ၅ သိန်းကို ၂၀၂၆ ခုနှစ်အထိ တင်သွင်းရန် ကတိပြုထားသည်။

အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံဈေးနှုန်းကြီးမြင့်မှုသည် လွန်ခဲ့သည့်လများစွာကတည်းက ဆတိုးမြင့်တက်လျက်ရှိပြီး ယခင်လက ပဲစင်းငုံဈေးနှုန်းမှာ ၃၉ ရာခိုင်နှုန်း၊ ပဲတီစိမ်း ၁၂ ဒသမ ၆၂ ရာခိုင်နှုန်း၊ ကုလားပဲ ၁၃ ဒသမ ၆၅ ရာခိုင်နှုန်းနှင့် မတ်ပဲ ၁၃ ဒသမ ၇၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ၂၀၂၂-၂၀၂၃ သီးနှံနှစ်တွင် ပဲမျိုးစုံတန်ချိန် စုစုပေါင်း ၂၆ ဒသမ ၀၅ သန်း စံချိန်တင်ထွက်ရှိခဲ့ပြီး ကုလားပဲမှာ စုစုပေါင်းထွက်ရှိမှု၏ ၅၀ ရာခိုင်နှုန်းထိရှိခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံသည် ကုလားပဲနှင့်ပဲတီစိမ်းများထွက်ရှိမှုမှာ ပြည်တွင်းစားသုံးမှုအတွက် ဖူလုံမှုရှိကြောင်း သိရသည်။

**Source: India starts importing pulses from Brazil, Financial Express, March 11,2024**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Yangon)-13032024-13:12

## ဗီယက်နမ်ကုန်စည်ပြပွဲ ၂၀၂၄ ကို ဧပြီလတွင် ဟန္နိုင်းမြို့၌ ကျင်းပသွားမည်

ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးကုန်စည်ပြပွဲဖြစ်သည့် Vietnam Expo ၂၀၂၄ ကို ဟန္နိုင်းမြို့တွင် ဧပြီလ ၃ ရက်နေ့မှ ၆ ရက်နေ့အထိ ပြုလုပ်ရန်စီစဉ်ထားပြီး စီးပွားရေးလုပ်ငန်းပေါင်း ၄၈၀ ကျော်မှ ဝင်ရောက်ပြသမည်ဟု မျှော်လင့်ထားကြောင်း သိရှိရပါသည်။ အဆိုပါပြပွဲတွင် အိန္ဒိယ၊ တောင်ကိုရီးယား၊ ရုရှားနှင့်တရုတ်အပါအဝင် နိုင်ငံနှင့်နယ်မြေ ၁၆ ခုမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်မြှင့်တင်ရေးတို့တွင် အဓိကအုပ်စု (၅) ခု ဖြစ်သည့် နိုင်ငံတကာထုတ်ကုန်များ၊ လျှပ်စစ်ပစ္စည်းများ၊ ဒစ်ဂျစ်တယ်နည်းပညာ၊ e-commerce နှင့် အစားအသောက်လုပ်ငန်းများကို အဓိကထား၍ ပြခန်းပေါင်း ၅၅၀ တွင် အဆိုပါကုန်ပစ္စည်းများကို ပြသမည်ဖြစ်ကြောင်း၊ အိန္ဒိယကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (ITPO) မှ ဦးဆောင်သော အိန္ဒိယကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၃ တွင် အောင်မြင်မှုများရရှိသကဲ့သို့ ၂၀၂၄ ခုနှစ်တွင်လည်း ပြပွဲတွင်ပါဝင်မည်ဖြစ်ပြီး နှစ်နိုင်ငံစီးပွားရေးအသိုင်းအဝိုင်းကြား ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။

ကိုရီးယားနိုင်ငံ၏ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ (KOTRA) မှ VietNam Expo ကို ကုန်သွယ်မှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်အတွက် အထူးပွဲအဖြစ် ရွေးချယ်ခဲ့သည်မှာ ၂၀၂၄ ခုနှစ်တွင် ၂၅ နှစ်ပြည့်ပြီဖြစ်ပြီး အဆိုပါပွဲသည် နှစ်နိုင်ငံဆက်ဆံရေးကိုမြှင့်တင်ရန် တံတားတစ်ခုအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ယခုနှစ်သည် ဗီယက်နမ်နှင့်ရုရှားနိုင်ငံတို့ကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း နှစ် ၃၀ ပြည့် နှစ်ပတ်လည်ဖြစ်ကြောင်း၊ ဤအခါသယမအနေဖြင့် ရုရှားပြခန်းတွင် မော်စကိုမှ အထင်ကရကုမ္ပဏီများ စုစည်းပြသမည်ဖြစ်ကြောင်း၊ အဆိုပါကုမ္ပဏီများသည် အရှေ့တောင်အာရှတစ်ခုလုံးတွင်သာမက အထူးသဖြင့် ဗီယက်နမ်၏ မိတ်ဖက်များနှင့်လည်း စီးပွားရေးအခွင့်အလမ်းများရှာဖွေရန် စိတ်အားထက်သန်လျက်ရှိကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်၏ အကြီးဆုံးကုန်သွယ်ဖက်နှင့် ဒုတိယအကြီးဆုံး ပို့ကုန်ဈေးကွက်ဖြစ်ပြီး တရုတ်ပြခန်းတွင် Fujian နှင့် Guangdong ကဲ့သို့သော မြို့ကြီးများနှင့် ပြည်နယ်များမှ စက်ယန္တရားများပြသမည့် ပြခန်းပေါင်း ၁၀၀ ကျော် ပါဝင်မည်ဖြစ်ကြောင်း၊ နည်းပညာလွှဲပြောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် မျှော်လင့်ကြောင်းသိရသည်။

VietNam Expo 2024 ကုန်စည်ပြပွဲသည် ဗီယက်နမ်နိုင်ငံတစ်ဝှမ်းရှိ မြို့ကြီး ၂၃ မြို့မှ ကုန်ပစ္စည်းများ တင်ပို့ရောင်းချသည့် တစ်ပြည်နယ် ထုတ်ကုန်တစ်မျိုး (OCOP) အတွက် ဈေးကွက်ချဲ့ထွင်ရန် ရည်ရွယ်ကြောင်း သိရသည်။ ထို့ပြင် နိုင်ငံများအကြား ကုန်သွယ်မှုအခွင့်အလမ်းများတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အသိပညာများမျှဝေခြင်းနှင့် ဆွေးနွေးမှုများတိုးပွားလာစေရန်အတွက် အမျိုးမျိုးသော အလုပ်ရုံဆွေးနွေးပွဲနှင့် ဖိုရမ်များကို ကျင်းပသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**Source: VN Economy**

**(စီးပွားရေးသံမှူးဗီယက်နမ်)**

# STOCK EXCHANGE (14.3.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 14th Mar. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 16,697 (Shares) | 42,082,350 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +100 | +1.18% | 8,500 | 8,600 | 8,500 | 249 | 2,119,500 | 33,109,694 | 284,743 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,850 | 2,900 | 2,850 | 2,479 | 7,070,150 | 38,929,150 | 112,895 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 20 | 152,000 | 10,400,986 | 79,048 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 610 | 915,000 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 45 | 112,500 | 12,823,224 | 32,058 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 202 | 353,500 | 19,977,223 | 34,960 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |
| MAEX | 00008 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,700 | 92 | 159,700 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 14th Mar. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 360.09 | +3.42 | +0.96% | 357.30 | 360.09 | 356.67 | 3,697 | 10,882,350 | 8 | 679,199 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 14th Mar. 2024

| Trading Volume | Trading Value |
|---|---|
| 16,697 (Shares) | 42,082,350 (MMK) |

## Main Board

As of 12:30 pm, 14th Mar. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 16,697 (Shares) | 42,082,350 (MMK) |

| MYANPIX | 360.09 ▲ 3.42 |
|---|---|
| Total Volume (shares) | 3,697 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 679,199 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 100 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 50 |